ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ တနင်္လာနေ့ (4-7-2011) (၆၈၁၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်ပြည်ထောင်စု သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဘားရတ် ဟူစိန် အိုဘားမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၄

၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်တွင် ကျရောက်သော အမေရိကန်ပြည်ထောင်စု၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စစ် ဟီလာရီ ရော့ဒ်ဟမ်း ကလင်တန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပုသိမ်(ဘဲဂရက်)-ရန်ကုန်(လှိုင်သာယာ)ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေအလွင့် မရှိစေရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ပုသိမ်(ဘဲဂရက်) - ရန်ကုန်(လှိုင်သာယာ) ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ညောင်တုန်း - ဆားမလောက် - လှိုင်သာယာ လမ်းပိုင်းရှိ ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာနှင့် စကြေ့ာကျေးရွာကြား ကားလမ်းနှင့် ရထားလမ်း ဖြတ်သန်းသည့်နေရာ၌ သံလမ်းလုပ်သားများ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရှမ်းစုကျေးရွာအနီးရှိ အရှည် ၅၄၆ ပေရှိ ထိပ်ဝကြီးအင်းတံတား ရေလယ်တိုင်အမှတ်(၄)နှင့် (၅)တို့ ဆောင်ရွက်ပြီးစီးမှု၊ ကမ်းကပ်ခုံ တည်ဆောက်ပြီးစီးမှုနှင့် ထိပ်ဝကြီးအင်းတံတားအတွက် အရှည်ပေ ၉၀ ကြိုတင်အားဖြည့်ကွန်ကရစ်တံတားသံပေါင်များ ထုတ်လုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ထိပ်ဝကြီးအင်းတံတား တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေရေး၊ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ယင်းမှတစ်ဆင့် ဟင်္သာတ-ညောင်တုန်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဇလွန်-စကြေ့ာ-ညောင်တုန်း ရထားလမ်းပိုင်းရှိ ညောင်တုန်းမြို့နယ် စကြေ့ာကျေးရွာအနီး စကြေ့ာဘူတာသို့ ရောက်ရှိပြီး ဘူတာတည်ဆောက်နေမှုနှင့် ဘူတာယာဒ်ဝင်းတွင် သံလမ်းလုပ်သားများ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ရထား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ညောင်တုန်းမြို့နယ် ရှမ်းစုကျေးရွာနှင့် စကြေ့ာကျေးရွာကြား သံလမ်းလုပ်သားများ သံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့ ကြေးမုံ သတင်းအညွှန်း



ကမ္ဘောဒီးယား၏ ပဟေဠိအဆန်းဆုံး ဝတ်ကျောင်း

သတင်းစာမျက်နှာ-၄

ယူကရိန်းနိုင်ငံသားဟဲဗီးဝိတ်ချန်ပီယံ ဗြိတိန်လက်ဝှေ့ကျော်ကို အနိုင်ယူ

သတင်းစာမျက်နှာ-၄



ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပေး တာဝန်များကို စည်းကမ်းနှင့်အညီ စေတနာထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်း

သတင်းစာမျက်နှာ-၅

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၇-၂၀၁၁

ချောင်းဆုံ	၃ ဒသမ ၈၆ လက်မ
ကျိုက္ကမီ	၃ ဒသမ ၅၀ လက်မ
သထုံ	၃ ဒသမ ၄၂ လက်မ
ခန္တီး	၃ ဒသမ ၃၁ လက်မ

ကြေးမုံ The Mirror

၄- ၇ -၂၀၁၁
(တနင်္လာနေ့)

မြန်မာ့ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုမြှင့်တင်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အောင်မြင်မှုရရှိနိုင်သော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတကာတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေကြပြီ။ မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စား အများအပြားလာရောက် လည်ပတ်နေကြသည့် ခရီးစဉ်ဒေသကြီးဖြစ်သည်။

မြန်မာနိုင်ငံ၌ ပုဂံ၊ မန္တလေး၊ မြောက်ဦးစသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများတွင် ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံနှင့် အနုပညာလက်ရာများရှိသည်။ ထို့အတူ ရှမ်းပြည်နယ်ရှိ အင်းလေးကန်၊ ပင်းတယဒေသတို့၏ သဘာဝရှုခင်းမြင်ကွင်းများ၊ ကချင်ပြည်နယ်မှ ခါကာဘိုရာဇီ ရေခဲတောင်စသည့် ထူးခြားသစ်လွင်သည့် သွင်ပြင်လက္ခဏာများကိုလည်း ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စား လေ့လာလိုကြသည်။

ယင်းသို့ စိတ်ဝင်စားလေ့လာဖွယ်ရာများ ပြည့်စုံမှုရှိသဖြင့် ကမ္ဘာလှည့်ခရီးသည်များ နှစ်စဉ် တိုးတက်လာရောက်လျက်ရှိသည်။ ၂၀၁၀ခုနှစ်တွင် ခရီးသည် ရှစ်သိန်းနီးပါး ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာစီမံကိန်းတွင် အဓိကပါဝင်လျက်ရှိရာ မြန်မာ့ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန် အလားအလာကောင်းမွန်သည်။

ခရီးသွားလုပ်ငန်းပိုမိုအောင်မြင်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ ပြည်ပခရီးသွားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှလည်း ဟိုတယ်လုပ်ငန်းများ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် ဟိုတယ်ဇုန်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ချောင်းသာ၊ ငွေဆောင်၊ တောင်ကြီး (အင်းလေး)၊ မော်လမြိုင်၊ ပဲခူး၊ ရခိုင်နှင့် ရွှေတြိဂံတို့တွင် ဖွဲ့စည်းထားပြီဖြစ်သည်။ ဧည့်သည်များအား ဝန်ဆောင်မှုပေးနေသည့် ဟိုတယ်ဝန်ထမ်းများ စနစ်ကျနအရည်အချင်းပြည့်မီရေးအတွက် လိုအပ်သည့်သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်ပေးသင့်သည်။

မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်ရေးသည် အဓိကအရေးပါသည်။ ခရီးသွားများစိတ်ချမ်းမြေ့စွာ တည်းခိုစားသောက်နိုင်ရေး၊ လွယ်ကူလျင်မြန်စွာ သွားလာနေထိုင်နိုင်ရေးအတွက် ဟိုတယ်လုပ်ငန်းများနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ကောင်းမွန်အဆင်ပြေရန်လိုအပ်ပေသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များသာမက သက်ဆိုင်ရာဒေသရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စားသောက်ဆိုင်များအတွက်ပါ ဆက်စပ်အကျိုးဖြစ်ထွန်းမှုရှိသည်။ နိုင်ငံအတွင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ သဘာဝအခြေခံခရီးသွားစခန်းများ၊ ပင်လယ်ကမ်းခြေများ တည်ရှိနေပြီးဖြစ်ရာ ကမ္ဘာလှည့်ခရီးသည်များအား ယဉ်ကျေးသိမ်မွေ့ဖော်ရွေ ဧည့်ဝတ်ကျေပွန်မှုများနှင့်အတူ ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြှင့်တင်ကြိုးပမ်းကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင်များ၊ ပျဉ်းကတိုးပင်များနှင့် အခြား အရိပ်ရအပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယစာရင်းစစ်ချုပ်တို့သည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဝန်ထမ်းများစုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၃၀၀၊ ပျဉ်းကတိုးပင် ၅၀၊ မဟော်ဂနီပင် ၅၀နှင့် အခြားအရိပ်ရပင် ၁၀၀ အပါအဝင် စုစုပေါင်း အပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ (သတင်းစဉ်)

ရတနာတန်းဝင်ကျွန်းပင် စိုက်ပျိုးပေး

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာပြပွဲ ၂၀၁၁ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၃

လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင် အများပြည်သူများအား တွေ့မြင်နိုင်စေရန်၊ ထုတ်ကုန်ပစ္စည်းအရည်အသွေး လျင်မြန်စွာ သိရှိ၍ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန်၊ သုံးစွဲသူများအနေဖြင့် ခေတ်နှင့်အညီဆန်းသစ်သော နည်းပညာများကို တွေ့မြင်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာပြပွဲ ၂၀၁၁ (Yangon International Exhibition 2011) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ IEMS Company Limited မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေ၊ Smart Resources Company Limited မန်နေဂျင်း ဒါရိုက်တာ ဦးနေလင်းဖြိုးနှင့် Shine Group of Companies မန်နေဂျင်းဒါရိုက်တာ ဦးမျိုးကိုကိုတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း ၇၀ မှ ပြခန်းပေါင်း ၁၂၅ ခန်း ပါဝင်ပြသထားပြီး ကြွေပြားနှင့် အိမ်အလှဆင်ပစ္စည်းများ၊ မီးဖိုချောင်သုံး၊ အိမ်သုံး၊ ရုံးသုံးပရိဘောဂပစ္စည်း အမျိုးမျိုး၊ အလှကုန်ပစ္စည်းများနှင့် ခရီးသွားလုပ်ငန်း ပြခန်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကိုရီးယားပညာရှင်များ၏ ဇာထိုး၊ပန်းထိုးစက် ပြခန်းများ၊ဖက်ရှင်နှင့် စားသောက်ကုန်ပစ္စည်းများကို ဇူလိုင် ၁ ရက် မှ ၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာပြပွဲ ၂၀၁၁ ပြခန်းအတွင်း ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ယခင် မိတ္ထီလာဒေသကောလိပ် (၁၉၇၇ မှ ၁၉၈၂) ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်မည်

နေပြည်တော် ဇူလိုင် ၃

ယခင် မိတ္ထီလာဒေသကောလိပ်၌ ၁၉၇၇ မှ ၁၉၈၂ အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက်တွင် မိတ္ထီလာတက္ကသိုလ် ခမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။ ယခင် မိတ္ထီလာဒေသကောလိပ်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ၁၉၇၇ ခုနှစ်မှ ၁၉၈၂ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ဦးခင်မောင်ဆွေ (မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၃၈၅၊ ၀၉-၄၇ ၁၃၂၀၃၊ ဒေါက်တာနေမျိုး (မန္တလေး) ဖုန်း-၀၂-၃၉၅၀၄နှင့် ၀၉-၅၁၄၁၇၄၅၊ ဒေါက်တာစန်းစန်းဝေ [တွဲဖက်ပါမောက္ခ (သင်္ချာဌာန) မိတ္ထီလာတက္ကသိုလ်] ဖုန်း ၀၉-၄၉၂၂၁၆၉၄၊ ဒေါ်မြင့်မြင့်သန်း (မိတ္ထီလာ) ဖုန်း-၀၉-၂၁ ၆၅၇၅၁၊ အင်ဂျင်နီယာ ဦးသန့်ဇင် (မိတ္ထီလာ) ဖုန်း-၀၉-၂၀၁၈၆၁၂ နှင့် ဒေါက်တာဝင်းမောင် (ပျော်ဘွယ်) ဖုန်း -၀၉-၅၁၆၃၈၀၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဟာဗန္ဓုလလမ်းနှင့် ရန်အောင်လမ်းထိပ် (ယာဘက်) ကွန်ကရစ်တံတား ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဦးအောင်စိုး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အင်ဂျင်နီယာဘာသာရပ်များအကြောင်း ရန်ကုန်နှင့် မန္တလေးတွင် ဟောပြောမည်

ရန်ကုန် ဇူလိုင် ၃

MDISနှင့် CROWN Education တို့မှ ပူးပေါင်းစီစဉ်မှုဖြင့် နိုင်ငံတကာတွင် Professional Engineer အဖြစ် ရပ်တည်နိုင်ရန်အတွက် လိုအပ်ချက်များအကြောင်းနှင့် စင်ကာပူနိုင်ငံ Management Development Institute of Singapore တွင် တက်ရောက်သင်ယူကာ အင်္ဂလန်နိုင်ငံ University of Bradford မှ ပေးအပ်မည့် အင်ဂျင်နီယာဘွဲ့များ အကြောင်းကို ရန်ကုန်မြို့တွင် ဇူလိုင် ၈ ရက် ညနေ ၃နာရီမှ ၅ နာရီထိ Park Royal Hotel တွင်လည်းကောင်း၊ ဇူလိုင် ၁၀ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ မန္တလေးမြို့ Mandalay Swan Hotel တွင်လည်းကောင်း အသီးသီးရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရှင်းလင်းပြောကြားမည့်အစီအစဉ်တွင် လေ့လာသင်ယူရမည့် ဘာသာရပ်များအကြောင်းနှင့် လေ့လာသင်ယူမည့်သူများတွင် ရှိသင့်သောအချက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများအတွက် စိတ်ဝင်စားမှုအလိုက် ရွေးချယ်သင့်သော အင်ဂျင်နီယာဘွဲ့များအကြောင်းကို ရှင်းလင်းပြောကြားမည့်အပြင် အင်ဂျင်နီယာဘာသာရပ်နှင့်ပတ်သက်၍ တက္ကသိုလ်ရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် လိုအပ်ချက်များကိုလည်း ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ်အချက်အလက်များကို CROWN Education, Summit Parkview Hotel အခန်း (၂၂၈-၂၂၉) ဖုန်း-၂၁၁၈၈၈ (လိုင်းခွဲ ၂၂၈)နှင့် ၀၉၅၀၈၅၀၈၅နှင့် ၀၉၇၃၂၇၃ ၂၇၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၉၀၀	၀. ၀၃၂၄၈
တရုတ် (ယွမ်)	၆. ၄၆၅၅၀	၀. ၁၅၄၆၇
အိန္ဒိယ (ရူပီး)	၄၄. ၆၂၀၀	၀. ၀၂၂၄၁
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၅၀	၀. ၃၃၂၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၆၇၀	၀. ၈၁၅၂၀
ဂျပန် (ယန်း)	၈၀. ၈၀၀၀	၀. ၀၁၂၃၈
တောင်ကိုရီးယား(ဝမ်)	၁၀၆၄. ၆၉	၀. ၀၀၀၉၄
ယူရို	၀. ၆၈၈၄၂	၁. ၄၅၂၆၀
ဗြိတိသျှ (ပေါင်)	၀. ၆၂၂၁၂	၁. ၆၀၇၄၀

အင်တာနက်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှု လျော့ကျသွားစေရေးတို့တွင် ပြည်သူတစ်ရပ်လုံး တစ်ခဲနက်ပါဝင်လာစေရေး သမဝါယမဝန်ထမ်းများ အကောင်အထည်ဖော်

နေပြည်တော် ဇူလိုင် ၃

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဇူလိုင် ၂ ရက်တွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသင်းစုချုပ်ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းတာဝန်ကြီး(၈)ရပ်အနက် သမဝါယမဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည့် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ဆပ်ကော်မတီများတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းမှာကြားရာ၌ နိုင်ငံတော်အတွင်း စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမပညာရပ်များ၊ သမဝါယမအခြေခံမူများ၊ သမဝါယမစနစ်များ ထွန်းကားပျံ့နှံ့ရေး၊ အနာဂတ်လူငယ်များ၏ အင်အားဖြင့် သမဝါယမလုပ်ငန်းများကို တစ်စတစ်စ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ဆင်းရဲနွမ်းပါးမှု လျော့ကျသွားစေရေးတို့တွင် ပြည်သူတစ်ရပ်လုံး တစ်ခဲနက် ပါဝင်လာစေရေးပင် ဖြစ်ကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်များ၌ တာဝန်ထမ်းဆောင်ကြမည့် သမဝါယမဝန်ထမ်းများသည် မိမိ၏ အဓိကတာဝန်ဖြစ်သော စည်းရုံးဖွဲ့စည်းခြင်း(Organization)၊ လေ့ကျင့်ပညာပေးခြင်း (Education)နှင့် ထိန်းကျောင်းကြီးကြပ် တည့်မတ်ပေးခြင်း (Regulation) ကဏ္ဍ (၃)ရပ်ကိုသာ ဦးစားပေး တာဝန်ယူ အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရတို့၏ လုပ်ငန်းတာဝန်ကြီး(၈)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရေးတွင် ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးကဏ္ဍကို ဘက်စုံ၊ ထောင့်စုံမှ ပြည့်ပြည့်စုံစုံ အထောက်အကူပြုနိုင်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့သည်။

(သတင်းစဉ်)

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်လက်ကျင်းပ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကား

နေပြည်တော် ဇူလိုင် ၃

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် နံနက် ၈ နာရီမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များက ခင်းကျင်းပြသထားသော အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြသည်။

အလားတူ နံနက်ပိုင်းတွင် ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲ ၈၀ ရောင်းချရပြီး မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲ ၃၇ တွဲရောင်းချရသည်။

ယနေ့ညနေပိုင်းတွင် ပုလဲအထူး ရောင်းချပွဲပြီးစီးသွားပြီဖြစ်ရာ စုစုပေါင်း ပုလဲအတွဲ ၂၈၈ တွဲ ရောင်းချရသည်။

ပုလဲရောင်းချပွဲတွင် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိန်လွင်က အများဆုံးဝယ်ယူသူ ဆုရရှိသူ ဂျပန်နိုင်ငံ Paras Pearls Co., မှ Mr. Javeri Parful Shantichand အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းမှ စတင်၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ကျောက်စိမ်း အတွဲများကို စတင် ရောင်းချရာ ကျောက်စိမ်း အတွဲပေါင်း ၂၆၁၈ တွဲ ရောင်းချရသည်။

အထူးရောင်းချပွဲတွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်း၊ ကျောက်မျက်အတွဲများကို ဝယ်ယူရန် တင်ဒါပုံးများအတွင်းသို့ အဆိုပြုလွှာများကို ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ် ဆောင်ရွက်ပေးကြသည်။

မြန်မာ့ကျောက်မျက်ရတနာပြတိုက် အနီး သပြေကုန်းပွဲရုံတန်း၌ ခင်းကျင်း ပြသလျက်ရှိသော မြန်မာ့ခရီးသွားနှင့် အစားအစာပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်း လုံးရှိ ဟိုတယ်ဇုန်များက မြန်မာ့ခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြခန်းများ ဖွင့်လှစ်ပြသလျက်ရှိရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များနှင့် စိတ်ပါဝင်စားကြသည့် ပြည်သူများက ကြည့်ရှုလေ့လာလျက်ရှိကြသည်။

ထို့အတူ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့မှ စားသောက်ဆိုင်ကြီးများ ပါဝင်ဖွင့်လှစ် ရောင်းချလျက်ရှိသော စားသောက်ဆိုင်တန်း (Food Court)တွင် မြန်မာအစားအစာ၊ တရုတ်အစားအစာနှင့် ထိုင်းအစားအစာတို့ကို နံနက် ၇ နာရီမှ ည ၉ နာရီအထိ အမေရိကန်ဒေါ်လာ၊ တရုတ်ယွမ်ငွေနှင့် မြန်မာကျပ်ငွေတို့ဖြင့် ရောင်းချပေးလျက်ရှိရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအနေဖြင့် စားသောက်မှု အဆင်ပြေလွယ်ကူလျက်ရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့်ပုလဲအထူးရောင်းချပွဲကို နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲသို့ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ လာရောက်လေ့လာ ဝယ်ယူကြစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၁၁ (တနင်္လာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“ဗုဒ္ဓဆေးသောက်ရောဂါပျောက်” တရားတော် (ဆရာတော်အရှင်ပညာဒီပ)
၆း၃၅	ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၁၂)**
၈း၅၀	7 Diamonds Live Show (Part-1)
၉း၄၀	ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်ကျင်းပရာ. . . မင်းကွန်းမြေမှာ
၁၀း၀၀	ဘ၀ဆည်းဆာအလှူရှင်များ၏ နားခိုရာ
၁၀း၁၅	ရန်ကုန်မြင်ကွင်းကျယ်
၁၀း၃၀	The Champion of Dance
၁၁း၀၅	Celebrity Choice
၁၁း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၁၁း၅၀	မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ (ဆောင်းရာသီဖက်ရှင်)
၁၂း၃၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀	“ဗုဒ္ဓဆေးသောက်ရောဂါပျောက်” တရားတော် (ဆရာတော်အရှင်ပညာဒီပ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	JAPAN VIDEO TOPICS (Hina-Ningyo Dolls)
၂း၃၀	ဒီပဲယင်းမြို့နယ်အသင်း(ရန်ကုန်)၏ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲ
၂း၄၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ
၃း၁၀	ကိုယ်ပိုင်ဟန်ဖက်ရှင်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅၄)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၁၂)**
၄း၅၀	တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (မြန်မာစာ)(အပိုင်း-၁)
၅း၂၀	တုံ့ပြန်လေးဖက်နာ (ပါမောက္ခဒေါက်တာချစ်စိုး)
၅း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၅၅)**
၇း၀၅	7 Diamonds Live Show (Part-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၁၁၃)**
၁၀း၂၀	ဗီဒီယိုပြခန်း
၁၀း၄၀	အနုပညာမိုးကောင်းကင်
၁၁း၀၀	Sunday Talk [ထွန်းလှိုင်အောင်(ကောင်းကျော်စေကုမ္ပဏီလီမိတက်)၊မျိုးမြတ်သူ]
၁၁း၃၀	တက္ကသိုလ်ဝင်တန်း သင်ခန်းစာ Open Courseware Myanmar (မြန်မာစာ)(အပိုင်း-၂)
၁၁း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး “မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ”
၁၁း၅၀	International Show Biz
၁၂း၁၀	ရသစုံစွာတေးအလင်္ကာ
၁၂း၃၀	ဈေးဝယ်လမ်းညွှန်
၁၂း၅၀	ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
၁း၂၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁း၅၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၂း၀၀	မြင့်မြတ်စိတ်ထား AIKI-KEN အားကစား
၂း၃၀	ဒွိတိုင်းဌာနီရောဝတီ
၂း၅၀	အသွင်ပြောင်းစေမည့် Fiber Tech
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	Beautiful and Dawntless Females
၄း၄၅	မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက် မြကျောက်ရေစင်
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မရမ်းကုန်း ပညာရေးသမအစည်းအဝေးနှင့် တက္ကသိုလ်ဝင်ဂုဏ်ထူးရရှိသူများ ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၃

မရမ်းကုန်းမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ အစည်းအဝေးနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၏ သား၊ သမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ဇွန် ၂၈ ရက် နံနက်က အထက(၄) မရမ်းကုန်းကျောင်း ခန်းမ၌ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌက အသင်းသားများအတွက် အကျိုးအမြတ်ငွေကို အသင်းသားများကိုယ်စား မြို့နယ် ပညာရေးမှူးသို့ ပေးအပ်သည်။ ထို့နောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တာဝန်ထမ်းဆောင်ရန် ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ထွန်းပါဝင်သော ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်တာဝန်ပေးအပ်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြို့နယ် ပညာရေးမှူး ဒေါ်တင်ငွေ၊ မြို့နယ် သမဝါယမဦးစီးဌာန အရာရှိ ဒေါ်ပုလဲတင်နှင့် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသန်းအေးနှင့် အဖွဲ့ဝင်များက ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုတံဆိပ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။**(ဓါတ်ပုံ)** (ကြေးမုံ)

ကမ္ဘောဒီးယား၏ ပဟေဠိအဆန်ဆုံးဝတ်ကျောင်း ပြင်ဆင်မွမ်းမံ၍ နှစ် ၅၀ အကြာ၌ ပြန်ဖွင့်လှစ်

ဖနောင်ပင် ဇူလိုင် ၃

သုံးဖက်တိုင်း အဆောက်အအုံများဆိုင်ရာ အင်ဂျင်နီယာဘာသာရပ်အတွက် ကမ္ဘာ့အခက်ဆုံးပဟေဠိတစ်ရပ်အဖြစ်သတ်မှတ်နိုင်သော အန်ကောဝပ်ကျောင်းတော်မှ ရှေးဟောင်းဝတ်ကျောင်းပျက်တစ်ခုကို ကမ္ဘောဒီးယားရှေးဟောင်းသုတေသနပညာရှင်များက အပြီးသတ်မွမ်းမံနိုင်ခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၃ ရက်သတင်းများတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အထင်ကရ ဘာသာရေးအဆောက်အအုံဖြစ်ပြီး အေဒီ ၁၁ ရာစုခေတ်၌ တည်ဆောက်ခဲ့သော ဘာဖူအွန်း(Baphuon)ဝတ်ကျောင်းကို ပြန်လည်မွမ်းမံထိန်းသိမ်းရန် ရှေးဟောင်းသုတေသနပညာရှင်များသည် နှစ် ၅၀ မျှ အချိန်ယူခဲ့ကြရသည်။

ဘာဖူအွန်းဝတ်ကျောင်း၏ ပြိုကျနေသောမျှော်စင်မှ သဲကျောက်တုံး ၃၀၀၀၀၀ ကို စုဆောင်း၍ တစ်ခုချင်းပြန်လည်ဆက်စပ်ကာ မူလပုံစံအတိုင်း ပြန်လည်ဖော်ထုတ်နိုင်ရန် ရှေးဟောင်းသုတေသနပညာရှင်များက ကြိုးစားအားထုတ်ခဲ့ရသည်။

အပူပိုင်းဒေသမိုးရာသီနှင့် ပြည်တွင်းစစ်ဘေးကြောင့် ဘာဖူအွန်းဝတ်ကျောင်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းအပြီးသတ်နိုင်ရန် ရာစုဝက်ကြာမျှအချိန်ယူခဲ့ကြရသည်။

ဘာဖူအွန်းဝတ်ကျောင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ၁၉၆၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြင်သစ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁၄ သန်း မတည်လှူဒါန်းပေးခဲ့သည်။

တနင်္ဂနွေနေ့တွင် ကျင်းပခဲ့သော ဝတ်ကျောင်းဖွင့်ပွဲသို့ ကမ္ဘောဒီးယားဘုရင်နိုရိုဒွန်ဆီဟာမိုနီနှင့် ပြင်သစ်ဝန်ကြီးချုပ် ဖရန်ဆွာဖီလွန်တို့ တက်ရောက်အားပေးခဲ့ကြသည်။

ဘာဖူအွန်းဝတ်ကျောင်းသည် ကမ္ဘောဒီးယားနိုင်ငံအနောက်မြောက်ပိုင်း ဆီရမ်ရိပြည်နယ်၌ တည်ရှိပြီး အထပ်လွှာသုံးဆင့်ရှိသော ရှေးဟောင်းဝတ်ကျောင်းဖြစ်သည်။

ယင်းဝတ်ကျောင်းကို မူလပုံစံအတိုင်း ပြန်လည်ဖော်ထုတ်နိုင်ရေးအတွက် သဲကျောက်တုံး ၃၀၀၀၀၀ အား နေရာတကျပြန်စီခဲ့ရခြင်းကြောင့် ကမ္ဘာ့အခက်ဆုံးသုံးဖက်တိုင်း ပဟေဠိတစ်ပုဒ် ဖြစ်ခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။**အင်တာနက်။**

အေဒီ ၁၁ ရာစုခေတ်၌ တည်ဆောက်ခဲ့ပြီး ယခုပြန်လည် မွမ်းမံ ပြင်ဆင်ပြီးသည့် ကမ္ဘောဒီးယားနိုင်ငံမှ ဘာဖူအွန်း (Baphuon)ဝတ်ကျောင်းကို ဇူလိုင် ၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြမ်းဖက်မှုပြဿနာ ဂျာမနီကိုခြိမ်းခြောက်နေ

ဘာလင် ဇူလိုင် ၃

ဂျာမနီနိုင်ငံ၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်လုံခြုံရေးဆိုင်ရာ အစီရင်ခံစာကို ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်လိုက်သည်။ ဂျာမနီနိုင်ငံ၌ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများ၊ လက်ဝဲယိမ်းအစွန်းရောက်အုပ်စု လှုပ်ရှားလာမှုနှင့် အွန်လိုင်းမှတစ်ဆင့် အဖျက်အမှောင့်ပြုလုပ်မှုများ တိုးပွားလာနေကြောင်း အဆိုပါ အစီရင်ခံစာတွင် အလေးပေးဖော်ပြထားသည်။

ဂျာမနီနိုင်ငံ၏ လုံခြုံရေးဆိုင်ရာ အာဏာပိုင်များအတွက် ခေါင်းခဲရသည့် ပြဿနာမှာ အကြမ်းဖက်မှုပြဿနာဖြစ်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ကာကွယ်စောင့်ရှောက်ရေး အစီရင်ခံစာ(၂၀၁၀)ဟု အမည်ပေးထားသော အဆိုပါ အစီရင်ခံစာ ထုတ်ပြန်ရာတွင် ပြည်ထဲရေးဝန်ကြီး ဟန်းပီတာက ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးသွားခဲ့ပြီဖြစ်သော်လည်း အကြမ်းဖက်မှုပြဿနာမှာ ချုပ်ငြိမ်းသွားမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ အကြမ်းဖက်သမားများသည် အယ်လ်ခိုင်ဒါအဖွဲ့၏ တစ်ဦးတည်းသော ဦးဆောင်မှုအောက်တွင် ရှိနေမည်မဟုတ်ဟု ဆိုသည်။

ဂျာမနီနိုင်ငံ၌ အကြမ်းဖက်အဖွဲ့အစည်း ၂၉ ခုရှိပြီး အကြမ်းဖက်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နှင့် ထောက်ခံသူ ၃၇၃၇၀ ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ယူကရိန်းနိုင်ငံသား ဟဲဗီးဝိတ်ချန်ပီယံ ဗြိတိန်လက်ဝှေ့ကျော်ကို အနိုင်ယူ

ဟမ်းဘတ် ဇူလိုင် ၃

ယူကရိန်းနိုင်ငံသား ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ ဗလာဒီမာကလစ်ချ်ကိုသည် စိန်ခေါ်သူ ဗြိတိန်နိုင်ငံသား ဟဲဗီးဝိတ်လက်ဝှေ့သမားဒေးဗစ်ဟေးကို အမှတ်အပြတ်အသတ်ဖြင့် အနိုင်ယူကာ ချန်ပီယံဘွဲ့ကို ဆက်ထိန်းနိုင်ခဲ့ကြောင်း ဇွန် ၃ ရက် သတင်းများတွင်ဖော်ပြသည်။

အမှတ်ပေးဒိုင်လူကြီးသုံးဦး၏ အငြင်းပွားဖွယ်မရှိသော ဆုံးဖြတ်ချက်များအရ ကလစ်ချ်ကိုသည် ဗြိတိန်လက်ဝှေ့ကျော်ဟေးကို ၁၁၇-၁၀၉ မှတ်၊ ၁၁၈-၁၀၈ မှတ်နှင့် ၁၁၆-၁၁၀ မှတ်တို့ဖြင့် ပြတ်ပြတ်သားသားအနိုင်ယူခဲ့ကြောင်း သိရသည်။

စိန်ခေါ်သူ လက်ဝှေ့ကျော်ဒေးဗစ်ဟေးကို အနိုင်ယူနိုင်ခဲ့ပြီးနောက် ကလစ်ချ်ကိုသည် အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအိုနှင့် ဒဗလျူဘီအေစသော ကမ္ဘာ့လက်ဝှေ့အဖွဲ့အစည်းအသီးသီး၏ ချန်ပီယံခါးပတ်များကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ယူကရိန်းနိုင်ငံသား ကလစ်ချ်ကိုကို အလဲထိုးနိုင်ရေးအတွက် လက်သီးတွဲလုံးများအသုံးပြုကာ လက်ဦးမှုယူပွဲထွက်လာခဲ့သော်လည်း ကလစ်ချ်ကိုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိရန် ဗြိတိန်လက်ဝှေ့ကျော်ဒေးဗစ်ဟေးမှာ အတော်ပင်ရုန်းကန်ခဲ့ရသည်။**(အပေါ်ပုံ)**

လေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ခြေချောင်းရိုးကျိုးခဲ့ခြင်းကြောင့် ယခုပွဲစဉ်၌ မိမိအထိနာခဲ့ရကြောင်း ဗြိတိန်လက်ဝှေ့ကျော် ဒေးဗစ်ဟေးက ပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ်တွင် ဒဗလျူဘီအို ချန်ပီယံခါးပတ်ကို ရယူနိုင်ခဲ့သည့်နောက်ပိုင်း ယခုပွဲစဉ်သည် ကလစ်ချ်ကိုအဖို့ အချိပြည့်ထိုးသတ်ခဲ့ရသော ပထမဆုံးပွဲစဉ်ဖြစ်သည်။

ကလစ်ချ်ကိုနှင့် ဒေးဗစ်ဟေးတို့၏ပွဲစဉ်ကို ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ဇူလိုင် ၂ ရက်တွင် ကျင်းပခဲ့ပြီး ပွဲကြည့်ပရိသတ် ၄၀၀၀၀ မျှ လာရောက်အားပေးခဲ့ကြသည်။ **အင်တာနက်။**

ရုရှားကြည်းတပ်၏ အထူးတပ်ဖွဲ့နှစ်ဖွဲ့ကို အာတိတ်ဒေသ၌ ဖြန့်ကြက်ရန်စီစဉ်

မော်စကို ဇူလိုင် ၃

မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသ၌ ရုရှားကြည်းတပ်၏ အထူးတပ်ဖွဲ့နှစ်ခု စခန်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။

အာတိတ်ဒေသရှိ ရုရှားနိုင်ငံ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဗလာဒီမာပူတင်က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ကာကွယ်ရေးဝန်ကြီး အနာတိုလီဆာဒူကော့ဗ်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တိုးမြှင့်ရန်ဆုံးဖြတ်

ရုရှားနိုင်ငံသည် ကနဦးအားဖြင့် အာတိတ်ဒေသ၌ အထူးတပ်ဖွဲ့တစ်ခုတည်းကိုသာ ဖြန့်ကြက်ရန်စီစဉ်ခဲ့ရာမှ တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ရုရှားကာကွယ်ရေးဦးစီးချုပ်သည် အာတိတ်ဒေသ၌ ရုရှားအထူးတပ်ဖွဲ့နှစ်ဖွဲ့ စခန်းချရေးကိစ္စကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဆာဒူကော့ဗ်ကပြောကြားသည်။

အာတိတ်ဒေသ၌ ရုရှားနိုင်ငံ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် ရည်မှန်းထားပြီး ယင်းဒေသ၏ ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို လုပ်ကိုင်မည်ဖြစ်ကြောင်း ပူတင်က ပြောကြားခဲ့သည်။ **အင်တာနက်။**

မတ်လတွင်း အာတိတ်ဒေသတွင် ပြုလုပ်ခဲ့သော ရုရှားနှင့် နော်ဝေ ပူးတွဲစစ်ရေး လေ့ကျင့်မှု၌ ပါဝင်သော စစ်သင်္ဘောများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ညကောင်းကင်ကို ဖြတ်သန်းသွားသောအလင်းရောင်တန်းကြောင့် ရုရှားယူရယ်လ်တောင်တန်းဒေသခံများ အထိတ်တလန့်ဖြစ်

မော်စကို ဇူလိုင် ၃

ရုရှားနိုင်ငံ ယူရယ်လ်တောင်တန်းဒေသ အီကာတာရင်ဘတ်ဂ်မြို့မှ မြို့သူမြို့သားများသည် ညပိုင်းအချိန်ဂြိုဟ်တုလွှတ်တင်ရာမှ ဖြစ်ပေါ်ခဲ့သည့် ထူးဆန်းသော အလင်းရောင်များကြောင့် စိတ်ချောက်ချားခဲ့ရကြောင်း ဇူလိုင် ၃ ရက်သတင်းများတွင်ဖော်ပြသည်။

နောက်မြီးတန်းအလင်းရောင်များ ထွက်ပေါ်နေသည့် ဧရာမမီးလုံးကြီးတစ်ခု ကောင်းကင်ပြင်ကို ဖြတ်သန်းရွေ့လျားမှုအား တွေ့မြင်ခဲ့ရသော အီကာတာရင်ဘတ်ဂ်မြို့သူမြို့သားများမှာ အံ့အားသင့်ကြောက်လန့်ခဲ့ရကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။**(အောက်ပုံ)**

အဆိုပါအလင်းရောင်တန်းကြီးသည် အီကာတာရင်ဘတ်ဂ်မြို့မှ ကီလိုမီတာ ၁၃၀၀ အကွာရှိ ပလေဆက်စ်ခ် အာကာသစခန်းမှ ဆိုယုဇ်-၂ ဒုံးပျံကို ပစ်လွှတ်ခဲ့ရာမှ ထွက်ပေါ်ခဲ့ရသော အလင်းရောင်တန်းဖြစ်ကြောင်း သိရသည်။

ဒုံးပျံပစ်လွှတ်မှုကို ကြိုတင်သိကြားထားခြင်းမရှိသော ဒေသခံအချို့မှာ အဆိုပါအလင်းရောင်တန်းကြီးသည် အခြားကမ္ဘာမှ အာကာသယာဉ်တစ်စင်းဖြစ်ကြောင်း ယုံကြည်ခဲ့ကြသည်ဟု ရုရှားသတင်းမီဒီယာအချို့က ဖော်ပြကြသည်။

စစ်ဘက်ဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို သယ်ဆောင်ထားသည့် ဆိုယုဇ်-၂ ဒုံးပျံသည် ပျံသန်းနေစဉ်အတွင်း ယင်း၏အစိတ်အပိုင်းတစ်ခုကို အီကာတာရင်ဘတ်ဂ်မြို့နှင့် မနီးမဝေးနေရာ၌ ဖြုတ်ချခဲ့ကြောင်း သိရသည်။

ဥရောပတိုက်၌ စစ်ဘက်ဆိုင်ရာဂြိုဟ်တုများ၊ ဒုံးပျံများ စမ်းသပ်ပစ်လွှတ်ခြင်းကို အကြောင်းပြု၍ အရပ်သားများစိုးရိမ်ကြောင့်ကြမှုဖြစ်ရသည့် သာဓကအများအပြားရှိခဲ့ဖူးပြီဖြစ်သည်။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ရုရှားနိုင်ငံသည် ဘူလ်ဗာတိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ရာ ခရုခွေပုံသဏ္ဌာန်ဧရာမအလင်းရောင်ကြီး ပေါ်ထွက်လာမှုကြောင့် နော်ဝေမြောက်ပိုင်းဒေသရှိ ဒေသခံများမှာ ယင်းအလင်းရောင်တန်းကြီးနှင့် ပတ်သက်၍ သို့လောသို့လော တွေးထင်ခဲ့ကြရဖူးသည်။

အင်တာနက်။

❍ ကျောဖုံးမှ

ရွာလုံးကျွတ်လုပ်ကိုင်သည့် အခြေအနေရှိသော ရွာများ၌ တစ်ရွာ ထွက်ကုန်တစ်မျိုး၊ အစုအဖွဲ့များ ဖွဲ့စည်းပြီး နည်းပညာနှင့် အရင်းအနှီး ပံ့ပိုးဆောင်ရွက်ရေး၊ တိုးချဲ့မွေးမြူရေး ဆောင်ရွက်ရာတွင် ဈေးကွက်ဝယ်လိုအား အရေးပါသဖြင့် ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရေး၊ ပြည်ပဈေးကွက် ချိတ်ဆက်ရေးကို ရှေ့ဆောင်ကူညီပံ့ပိုးနိုင်မည့် ကုမ္ပဏီလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်လာရေး ဆောင်ရွက်ရာတွင် ဒေသခံပြည်သူ၏ ဆန္ဒဖြင့် ပူးပေါင်းလုပ်ကိုင်လိုသူများဖြင့် ဖွဲ့စည်းရေး မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မွေးမြူရေးနှင့် သား/ငါး ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းတွင် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ဦးစီးဌာနမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အစည်းအဝေးကို ဇွန် ၃၀ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူးများက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးအတွက် မွေးမြူရေးလုပ်ငန်း အစုအဖွဲ့အလိုက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသည့် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသန ဓမ္မသဘင် ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံနယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းနာယက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ငွေးနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ သင်တန်းနည်းပြ မဟာသဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လ ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း နာယက သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တောင်ငူတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ထူးချွန်ထက်မြက်သူများပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပေး တာဝန်များကို စည်းကမ်းနှင့်အညီ စေတနာထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယနေ့နံနက် ၁၀ နာရီတွင် တောင်ငူတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပညာရေးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပညာရေးလုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် စေတနာထားကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်ရှိ Multi-media Lecture Room ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ယနေ့ကာလတွင် ပညာရေးမြှင့်တင်မှု လုပ်ငန်းများကို အလေးအနက်ထားပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာအောင် သင်ကြားလေ့ကျင့်ပေးကြရန်နှင့် လမ်းကြောင်းမှန်သို့ ရောက်ရှိအောင် တည့်မတ် ထိန်းကျောင်းပေးကြရမည် ဖြစ်ကြောင်း၊ မိမိဆောင်ရွက်ရမည့် တာဝန်များကို စည်းကမ်းနှင့်အညီ စေတနာထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အာစရိယဂုဏ်၊ နာယကဂုဏ်တို့နှင့်ညီသော ဆရာ၊ ဆရာမများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ငူတက္ကသိုလ်၌ စမ်းသပ်စိုက်ပျိုး အောင်မြင် ဖြစ်ထွန်းလျက်ရှိသော SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

(သတင်းစဉ်)

※ လျှပ်စစ်မော်တော်ကားမှ

ပူးတွဲ အကောင်အထည်ဖော်မည် ဖြစ်သည်။

စင်ကာပူနိုင်ငံ၌ အနာဂတ်ကာလတွင် လျှပ်စစ်မော်တော်ကားများကို အလုံးအရင်းဖြင့် အသုံးပြုသွားနိုင်ရန် ရည်မှန်းထားရာ မြို့ပြ ပကတိအခြေအနေများနှင့် လမ်းပန်းအခြေအနေများနှင့် ညီညွတ်မျှတစွာ လျှပ်စစ်မော်တော်ကားများကို သုံးစွဲနိုင်ခြင်း ရှိ၊ မရှိ လေ့လာသွားမည် ဖြစ်သည်။

ပဏာမလေ့လာရေးအစီအစဉ်အရ ဂျပန်နိုင်ငံ မစ်ဆူဘီရှီကုမ္ပဏီက ထုတ်လုပ်သော လျှပ်စစ်မော်တော်ကားငါးစီးနှင့် ဂျာမနီနိုင်ငံရှိ ဒိုင်မလာကုမ္ပဏီက ထုတ်လုပ်သော လျှပ်စစ်မော်တော်ကား လေးစီးကို အသုံးပြုကာ လက်တွေ့စမ်းသပ် လေ့လာမည်ဖြစ်သည်။

လျှပ်စစ်မော်တော်ကား စမ်းသပ်မောင်းနှင်ရေးစီမံကိန်းကို ၂၀၁၃ ခုနှစ်အထိ အကောင်အထည်ဖော်မည်ဖြစ်ပြီး လျှပ်စစ်မော်တော်ကား ၉၅ စီးအထိ အသုံးပြုကာ လေ့လာသွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၂၀၁၃ ခုနှစ် အရောက်တွင် လျှပ်စစ်မော်တော်ကားများအတွက် ဓာတ်အားပြန်လည်ဖြည့်တင်းရေးစခန်း ၆၃ ခုကို ထူထောင်ပြီး ဖြစ်မည်ဟု မျှော်လင့်ရသည်။

ယခုအခါ လျှပ်စစ်မော်တော်ကားများအတွက် ဓာတ်အား ပြန်လည်ဖြည့်တင်းရေးစခန်း ငါးခုကို ဖွင့်လှစ်ထားသည်။

စင်ကာပူအမျိုးသားတက္ကသိုလ်အောက်ရှိ စွမ်းအင်လေ့လာရေးသိပ္ပံက လျှပ်စစ်မော်တော်ကားများ၏ အားသာချက်၊ အားနည်းချက်များကို လေ့လာရန် စီစဉ်ထားသည်။

အင်တာနက်။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ပြင်သစ်နိုင်ငံတွင် ရုပ်ရှင်ရိုက်ကူးနေသည့် အဆိုတော် ဆီလီနာဂိုမက်ဇ်

အသက်(၁၈)နှစ်အရွယ် ကမ္ဘာကျော် ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ၏ ချစ်သူ အဆိုတော် ဆီလီနာဂိုမက်ဇ်သည် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ရောက်ရှိနေပြီး Monte Carlo အမည်ရှိ အချစ်ဟာသ ရုပ်ရှင်ကားသစ်ကို ရိုက်ကူးလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂိုမက်ဇ်နှင့်အတူ ဤဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြမည့် အခြားသရုပ်ဆောင်များဖြစ်သည့် လီဂျက်တန်မီစတာ၊ ကိုယီမွန်တီတန်တို့သည် ယင်းဇာတ်ကား၏ အချို့ဇာတ်ဝင်ခန်းများသည် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးနေရာများကို ရိုက်ကူးတင်ပြရသောကြောင့် အချိန်နှစ်လခန့်ပေး၍ ရိုက်ကူးရမည်ဟုဆိုသည်။ ၎င်းတို့သည် ယခုအခါ ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံးနေရာ တစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံမှ အီဖယ်လ် မျှော်စင်ပါဝင်သည့် ဇာတ်ဝင်ခန်းကို ရိုက်ကူးရန် ပြင်သစ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် ဂိုမက်ဇ်သည် မိုနာကိုနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့သို့ သွားရောက်လည်ပတ်ခဲ့ပြီး ယင်းနေရာများကို ပထမဆုံးအကြိမ် ရောက်ဖူးခြင်းဖြစ်ရာ အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဤဇာတ်ကားကို ဒါရိုက်တာသောမတ်စ် ဘီဇူချာ ရိုက်ကူးပြီး ဟောလိဝုဒ်မင်းသမီး နီကိုးလ်ကစ်မန်က ထုတ်လုပ်ဖြန့်ချိမည် ဖြစ်သည်။ ဂိုမက်ဇ်သည် မကြာသေးမီက ဟာသဇာတ်ကားဖြစ်သည့် TheMuppets ဇာတ်ကားကို ရိုက်ကူးပြီးစီးခဲ့ပြီး ယင်းဇာတ်ကားတွင် အမ်မလီဘလန့်၊ ဂျက်ဘလက်၊ ရစ်ကီဂါဗာအစ်၊ အေမီအဒမ်နှင့် ကေတီပါရီတို့ ပါဝင်သရုပ်ဆောင်ထားသည်။ ***အင်တာနက်။***

အောဝမ်းစိုး

စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၁၉၇၈ ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော်၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ပါရန်နှင့် အမှုဆောင်အဖွဲ့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၃၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၃း၂၂	၁။	နိုင်ငံတော်သီချင်း
၃း၂၅	၂။	အဖွင့်သီချင်း
၃း၃၀	၃။	2011 FIFA WOMEN'S WORLD CUP (GERMANY) -Australia Vs Equatorial Guinea (Delay)
၅း၃၀	၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၁၅)**
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၆။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၇။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၂၅)**
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၀။	အမျိုးသားရေးတေးကဗျာ
	၁၁။	ဒို့တာဝန်အရေးသုံးပါး
	၁၂။	နိုင်ငံတကာသတင်း
	၁၃။	မိုးလေဝသသတင်း
	၁၄။	Talk of The Town
	၁၅။	မေးမြန်းစူးစမ်း
	၁၆။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၁၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၀)**
	၁၉။	Mini Series

Great Father Land Construction & Decoration Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် နာယက ဦးညွန့်မောင်ရှိန်တို့ International Arch of Europe Award ဆုကို လက်ခံရယူရန် ဇွန် ၂၃ ရက်က ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့သို့ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(ကြေးမုံ)

သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင် မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍအသီးသီးကနေပြီး ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၃

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများအား လေ့ကျင့်ပျိုးထောင်ပေးရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်နှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဟူသော မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များ၊ ထူးချွန်ဆု ရရှိကြသူများ၊ နေပြည်တော်ကောင်စီနယ်မြေ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ အမျိုးသားယဉ်ကျေးမှု စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ရာ၌လည်း စံနမူနာယူဖွယ်ကောင်းသည့် ထူးခြားသော ယဉ်ကျေးမှုစရိုက်ကို ပိုင်ဆိုင်ကြသူများပင် ဖြစ်ကြပါကြောင်း၊ ထို့အပြင် အများအကျိုးသယ်ပိုးရာ၌ဖြစ်စေ၊ မိသားစုတာဝန်ထမ်းဆောင်ရာ၌ဖြစ်စေ ကျေပွန်စွာထမ်းဆောင်နိုင်သောသူများ ဖြစ်ကြသကဲ့သို့ မည်သို့သောအခက်အခဲ အခြေအနေမျိုးကိုမဆို အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး ဇွဲသတ္တိ၊ ဝီရိယရှိရှိ ရင်ဆိုင်ကာ ရဲရင့်ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သူများလည်း ဖြစ်ပါကြောင်း။

မြန်မာ့ သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေး၊ စီးပွားရေး၊ ပညာရေး၊ စာပေအနုပညာစသည့် ကဏ္ဍအသီးသီး၌လည်း စံပြုမော်ကွန်းတင်ခံရသည့် မြန်မာအမျိုးသမီး အမြောက်အမြား ပေါ်ထွန်းခဲ့ပါကြောင်း၊ ယခုအခါတွင်လည်း မြန်မာအမျိုးသမီးများသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာစသည့် ကဏ္ဍအသီးသီး၌ အောင်မြင်မှုရရှိသာမက နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၌ ရှေ့တန်းက ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးများညီလာခံက ချမှတ်ခဲ့သည့် ပေကျင်းကြေညာစာတမ်းနှင့်အညီ ဆောင်ရွက်ရန်နှင့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အမျိုးသမီးဘဝ ပိုမိုဖွံ့ဖြိုးလာစေရေးကို ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင် ၂၀၁၀ ခုနှစ် ထူးချွန်အားကစားမယ် မအေးသစ္စာမြင့်အား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

နေ့တွင် စတင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ဤဇူလိုင် ၃ ရက်ကို "မြန်မာအမျိုးသမီးများနေ့" အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် "မြန်မာအမျိုးသမီးများနေ့" အခမ်းအနားကြီးသည် အမျိုးသမီးများ၏ လေးစားဂုဏ်ယူထိုက်သည့် ထူးချွန်ထက်မြက်သည့် ဂုဏ်ဒြပ်များ၊ ကောင်းမြတ်သည့် ဂုဏ်ရည်များကို ဖော်ညွှန်းဂုဏ်ပြုထားသဖြင့် လေးနက်ပြီး အနှစ်သာရရှိသည့် "မြန်မာ အမျိုးသမီးများနေ့" အခမ်းအနားကြီး ဖြစ်ပါကြောင်း ဂုဏ်ယူပြောကြားလိုပါကြောင်း။

ယနေ့ "မြန်မာအမျိုးသမီးများနေ့"တွင် စာပေ၊ အနုပညာ၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ကြက်ခြေနီ၊ မီးသတ်၊ ရဲတပ်ဖွဲ့အစရှိသည့် နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့် အမျိုးသမီးများနှင့် အကြိမ်အများဆုံး သွေးလှူရှင်အမျိုးသမီးများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုရသည့်အတွက် ယနေ့သည် မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံသည့်နေ့ဖြစ်ပါကြောင်း ထပ်မံပြောကြားလိုပါကြောင်း။

၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ယန္တရား (National Mechanism) တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်ရာမှ အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ရည်ရွယ်ချက်(၇)ရပ်ဖြင့် ဖွဲ့စည်းတည်ထောင်ထားရှိပါကြောင်း။

ယင်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိရာ မြန်မာအမျိုးသမီးများ၏ဘဝ လှပရေးအတွက် ကြိုးပမ်းရင်း နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ ဤသို့ မွန်မြတ်သည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မှုကြောင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည့် ခုနစ်နှစ်ကျော်ကာလအတွင်း အဖွဲ့ဝင်အင်အား ၅ ဒသမ ၃ သန်းခန့် ရှိနေပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာအမျိုးသမီးများကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်ပနိုင်ငံများသို့ သင်တန်းများစေလွှတ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံနှင့် အစည်းအဝေးများသို့ ကိုယ်စားလှယ်များ စေလွှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှုဖြစ်သည့် BEIJING PLATFORM FOR ACTION လုပ်ငန်းစဉ်များ၊ အမျိုးသမီးများအား ကာကွယ်ပေးမှုဆိုင်ရာ UN CONVENTION ပြဋ္ဌာန်းချက် CEDAW နှင့် ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် မြန်မာအမျိုးသမီးများ၏ လက်တွေ့ဘဝနှင့် ကိုက်ညီမည့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအမျိုးသမီးများအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

တစ်ဆက်တည်းပင် အမျိုးသမီးများဘဝလုံခြုံရေးကဏ္ဍများ၌ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုများ၊ ဟောပြောပွဲများကျင်းပခြင်း၊ ပညာပေးဌာနများ ဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် သင်တန်းများပေးခြင်း၊ လူကုန်ကူးခံရသူ အမျိုးသမီးငယ်များကို ကျန်းမာရေး စောင့်ရှောက်မှုအပြင် လူမှုရေးအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့အောင် ပြုစုပျိုးထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးခြင်း စသည့် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ၊ ဆောင်ရွက်မှုများ၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးကဏ္ဍ၌ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေမှုများ၊ HIV/AIDS ရောဂါကာကွယ်နှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများ၊ TB ရောဂါကာကွယ်တိုက်ဖျက်ရေး၊ မျက်မမြင်ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ပံ့ပိုးပေးနေမှုများ၊ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ အိမ်ရှင်မများ ချွေတာစုဆောင်းနိုင်ရေး၊ လူနေမှုပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသမီးများအား ပေးအပ်ထားသည့် အခွင့်အရေးများ၊ သိသင့်သိထိုက်သည့် အမျိုးသမီးများအား ကာကွယ်ပေးထားသော ဥပဒေများကို ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိဂုံးချုပ်အားဖြင့် သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာ၌ လည်းကောင်း၊ မြန်မာ့လူ့ဘောင်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရာ၌လည်းကောင်း၊ အနာဂတ်၏ မျိုးဆက်သစ်လူငယ်များကို စိတ်ဓာတ်နှင့် စာရိတ္တမြင့်မားလာကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ပြုစုပျိုးထောင်ရာ၌လည်းကောင်း၊ မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍအသီးသီးကနေပြီး ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဘက်စုံထောင့်စုံက စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ ထူးခြားထင်ရှားသည့် စွမ်းဆောင်ရည်များကို ချီးကျူးဂုဏ်ပြုရင်း "မြန်မာအမျိုးသမီးများနေ့" အဖြစ် ထိုက်ထိုက်တန်တန် မော်ကွန်းကမ္ပည်း ရေးထိုးနိုင်ခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် အထူးဂုဏ်ယူကျေနပ်အားရဖွယ် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ အဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ၂၀၀၉ ခုနှစ် အမျိုးသားစာပေဆုရ အမျိုးသမီးစာရေးဆရာမကြီး ဒေါ်ကြန်၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရကျောင်းသူ မခိုင်ခိုင်လွင်ကျော်၊ ၂၀၁၀ ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် ရဲတပ်ကြပ်ကြီး ကြေးမုံထွန်း၊ ၂၀၁၀ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးလုပ်သားအင်အားစုက ချီးမြှင့်သည့် ကမ္ဘာ့ထူးချွန်ကျန်းမာရေးဝန်ထမ်းဆုရ ထူးချွန်သားဖွားဆရာမ ဒေါ်နန်းသန်းသန်းဦးနှင့် ၂၀၁၀ ခုနှစ် ထူးချွန်အမျိုးသမီးကြက်ခြေနီ တပ်ဖွဲ့ဝင်ဖြစ်သူ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေး၊

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၇ ကော်လံ ၁ သို့

✪ စာမျက်နှာ ၆ မှ

ကျောင်းကြက်ခြေနီတာဝန်ခံ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အမျိုးသမီးတပ်ဖွဲ့မှူး ဒေါက်တာခင်ဆန်းနွယ်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင်က ၂၀၁၀ ခုနှစ် ထူးချွန်အားကစားမယ် မအေးသစ္စာမြင့်၊ ၂၀၁၀ ခုနှစ် ထူးချွန်မသန်စွမ်း အားကစားမယ် မသင်းသင်းခိုင်၊ ၂၀၁၀ ခုနှစ် ထူးချွန်အမျိုးသမီးမီးသတ်တပ်ဖွဲ့ဝင် ဒုတိယတပ်ကြပ်ခင်စောမိုးနှင့် ၂၀၁၀ ခုနှစ် အများဆုံးသွေးလှူဒါန်းသူ အမျိုးသမီးသွေးလှူရှင် ဒေါ်ယုယုဝေတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်မြသီဂီက "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများ ဘဝ" ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ စောအောင်မင်း A.M.P.S (နယူးအာရှဓာတ်ပုံ)၊ ဒုတိယဆုရ အောင်ဌေးလှိုင်၊ တတိယဆုရ စစ်ကိုင်းအောင်ကျော်တင်နှင့် အထူးဆုရရှိကြသူ ငါးဦးကိုယ်စား မသန္တာစိုးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က " မြတ်နိုးစရာ မေမြန်မာ ပြည်ရွာအကျိုးဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ စောကန္တာသက်မောင်၊ ဒုတိယဆုရ ဦးတင်ထွန်း (ချယ်ရီမြေမောင်တင်ထွန်း) နှင့် တတိယဆုရ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ၂၀၁၀ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးရေးရာလုပ်ငန်းဆိုင်ရာ စာအုပ်များနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကိုရီးယားသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong သည် ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ချစ်နှင့် ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပင်စင်လစာများ တိုးမြှင့်ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၃

နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများနှင့် နိုင်ငံရေးပင်စင်စားများ၏ ပင်စင်လစာများ တိုးမြှင့်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်အား ရှင်းလင်းဆွေးနွေးသည့် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတာဝန်ထမ်းဆောင်ခြင်းမှ အငြိမ်းစားယူသွားကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် နိုင်ငံတော်က ပင်စင်လစာငွေများကို တိုးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ ဘဝတူ လုပ်ဖော်ကိုင်ဖက်များ၏ စားဝတ်နေရေး သက်သာမှုရရှိစေရန် နိုင်ငံတော်က တိုးမြှင့်ပေးခဲ့သည့် ပင်စင်လစာများ အမြန်ဆုံးရရှိခံစားနိုင်ရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာသူများက မရှင်းလင်းသည်များရှိပါက တင်ပြသွားကြရန်ဖြစ်ကြောင်းနှင့် မိမိတို့၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံတော်က တိုးမြှင့်ပေးခဲ့သည့် ပင်စင်လစာငွေများကို ပင်စင်စားများထံသို့ မှန်မှန်ကန်ကန်နှင့် အမြန်ဆုံးရရှိ ခံစားနိုင်ရန်ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

ထို့နောက် ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဌေးက ပင်စင်လစာများတိုးမြှင့် ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ရှင်းလင်း ပြောကြားချက်များအပေါ် ဝန်ကြီးဌာနအဖွဲ့အစည်း အသီးသီးက ပြန်လည် မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ပင်စင်လစာများ တိုးမြှင့်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်အား ရှင်းလင်းဆွေးနွေးသည့် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ထားဝယ်မြို့၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းစန်းလှက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ ထူးချွန်အမျိုးသမီးများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်စန်းစန်းလှနှင့် ဒေါ်ချောစုဝင်းတို့က (၄၂)ကြိမ်မြောက်တိုင်းဒေသကြီး/ ပြည်နယ်အားကစားပြိုင်ပွဲတွင် ဆုရအမျိုးသမီးများအားလည်းကောင်း၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းညွန့်က ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် လေးဘာသာဂုဏ်ထူးရှင် အမျိုးသမီးခြောက်ဦးအားလည်းကောင်း တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ တက္ကသိုလ်၊ ကောလိပ်အဆင့်၊ အထက်တန်း၊ အလယ်တန်းအဆင့် ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။**(အောက်ပုံ)**

ယင်းနောက် တက်ရောက်လာကြသူများသည် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်း၌ ပြသထားသော မှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များ၊ ဆုရစာစီစာကုံးများ၊ ပန်းချီ၊ ကာတွန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်ဌေးမြင့်က ၂၀၁၁ ခုနှစ် သုဓမ္မသိင်္ဂီဘွဲ့ရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ရောဝတီတိုင်းဒေသကြီး၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရောဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နွယ်နွယ်ဦးက ဂုဏ်ပြုစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုများပေးအပ်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်ဌေးမြင့်က ၂၀၁၁ ခုနှစ် သုဓမ္မသိင်္ဂီဘွဲ့ ရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ဇနီး ဒေါ်တင်တင်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ထူးချွန်ဆုရရှိသူ ၄၉ ဦးတို့အားလည်းကောင်း ဆုများပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီးနှင့် ခရိုင် ခြောက်ခုတို့မှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ စိုက်ပျိုးရေးသုတေသနခြံ ကြည့်ရှုစစ်ဆေး

တပ်ကုန်း ဇူလိုင် ၃

ဇွန် ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေသည် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး ခြံမန်နေဂျာရုံးခန်းတွင် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးမန်နေဂျာနှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး အဆင့်မီ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ရေး မှာကြားခဲ့ပြီး ပဲတီစိမ်း ရေဆင်း ၁၄ စိုက်ခင်း၊ နေကြာ ရေဆင်း(၁) စပ်မျိုး၊ မြေပဲဆင်းပဒေသာ(၇)နှင့် ဆင်းပဒေသာ(၁၁) စိုက်ခင်း၊ ပြောင်း ရေဆင်းမျိုး(၂၊ ၃၊ ၄) စိုက်ခင်းများသို့ ခရိုင်/မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။**(အောက်ပုံ)** (၅၆၄)

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၃)ထွက်ပြီ

ရန်ကုန် ဇူလိုင် ၃

ဒို့ကျေးရွာဂျာနယ် အတွဲ(၈)၊ အမှတ်(၁၃)ကို ဇူလိုင် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

အတွေးများပြီး အရေးမမှားစေလို

ကိုကိုအောင်

ယနေ့မြန်မာနိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်နိုင်ရန် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်အသီးသီးကလည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို လွှတ်တော်က အတည်ပြုတင်မြှောက်လိုက်သည့် အစိုးရအဖွဲ့အသီးသီးက လည်းကောင်း၊ တရားစီရင်ရေးအာဏာကို လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းလိုက်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အသီးသီးတို့က လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပေပြီ။ ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို စိစစ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို အခြေခံဥပဒေအရ ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ အလားတူ နိုင်ငံတော်၏ နိုင်ငံသားတိုင်း လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်နိုင်ရေး၊ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ပေးရေးတို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း လွှတ်တော်၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းပေးထားပြီးဖြစ်သည်။

တစ်နည်းဆိုရသော် **နိုင်ငံတော်အချုပ်အခြာအာဏာသုံးရပ်ကို တာဝန်ယူဆောင်ရွက်ကြမည့် ဤအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရသာ ဖွဲ့စည်းပေါ်ပေါက်ခဲ့ကြခြင်းဖြစ်ပေသည်။**

သို့သော် ယခုအချိန်အထိ ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားနှင့်သက်ဆိုင်သည့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာဖတ်ရှုမှုအားနည်းသည်လား၊ မိမိ၏ စိတ်ဆန္ဒစွဲဖြင့် အဓိပ္ပာယ်ဖွင့်ဆိုမှုလွဲမှားသည်လား မဆိုနိုင်။ ထင်ကြေးဖြင့် ကောက်ချက်ဆွဲကာ အတွေးများပြီး အရေးမှားသူများရှိနေသည်ကို တွေ့မြင်နေရသည်။

၂၉-၆-၂၀၁၁ ရက်စွဲပါ ဒေါ်အောင်ဆန်းစုကြည်က လက်မှတ်ရေးထိုးပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူပေးပို့သည့်စာကို အင်တာနက်တွင် အမှတ်မထင် ဖတ်လိုက်မိသောအခါ အဟောဝတ ဩချလောက်သည်ဟု ဆိုရပေမည်။ ယင်းစာတွင် "အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဥပဒေအမှတ် ၄/၈၈ ဖြစ်သော နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ခဲ့ပြီး တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီတစ်ခုဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၉ တွင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်ဟု ပါရှိသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ကသာ ပြဋ္ဌာန်းခွင့်ရှိကြောင်း၊ ၂၀၁၀ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ဥပဒေအမှတ်(၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမဟုတ်၍ မူလကပင် ပျက်ပြယ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၂၅ အရ ရက်ပေါင်း (၆၀)အတွင်း ကော်မရှင်သို့ ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဥပဒေအရ အလိုအလျောက်ပျက်ပြယ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ ထိုသို့ပျက်ပြယ်ခြင်းမရှိကြောင်း" စသည်ဖြင့် ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

ဤရေးသားချက်များကို ဖတ်ရှုမိသဖြင့် ထိုစာကို ရေးသားသူသည် ဥပဒေ၏အခြေခံသဘောကို နားမလည်၍လား၊ သို့မဟုတ် အတွေးများပြီး အရေးမှားခြင်းပေလားဟုတွေးတောကာ စိတ်မကောင်းဖြစ်မိသည်။

ဆိုရသော် နိုင်ငံတော်ရှိ ပြဋ္ဌာန်းဥပဒေ(Statue Law) အားလုံးသည် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်နှင့် ထိုနေ့မှစ၍ အာဏာတည်သည်ဟု တစ်သမတ်တည်း နားလည်ထားပုံရသည်။ ပြဋ္ဌာန်းဥပဒေများသည် သက်ဆိုင်ရာဥပဒေ၌ အာဏာတည်သည့်နေ့ရက်ကို သီးခြားဖော်ပြမထားပါက ယင်းဥပဒေထုတ်ပြန်ပြဋ္ဌာန်းသည့်နေ့မှစ၍ အာဏာတည်သည်မှာ မှန်ပါ၏။ သို့သော် အချို့သော ပြဋ္ဌာန်းဥပဒေများသည် ယင်းဥပဒေမှာပင် ဥပဒေစတင်အာဏာတည်ရမည့် နေ့ရက်ကို သီးခြားပြဋ္ဌာန်းဖော်ပြသည်များရှိတတ်သလို အချို့ဥပဒေများသည် အမိန့်ကြော်ငြာစာ၊ အမိန့်တစ်ရပ်ရပ် ထပ်မံထုတ်ပြန်၍ ဥပဒေအာဏာတည်သည့်နေ့ရက်ကို သတ်မှတ်ခြင်းမျိုးလည်း ရှိတတ်ကြောင်း သတိပြုအပ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံမှုဖြင့် ၂၉-၅-၂၀၀၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းကြောင်း ကြေညာခဲ့သည်မှာ မှန်ပါ၏။ သို့ရာတွင် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၄၄၁ တွင်. . . . . . ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ရက်မှာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး စတင်ကျင်းပသည့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ဖြစ်ကြောင်း ပြည်သူအများသိရှိကြပြီးဖြစ်သည်။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို ရေးဆွဲခဲ့သော ပုဂ္ဂိုလ်များသည် တပ်မတော်အစိုးရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမည့် နိုင်ငံတော်အဖွဲ့အစည်းများ၏ အကူးအပြောင်းကာလတွင် မလိုလားအပ်သော အချုပ်အခြာအာဏာကွင်းဆက်ပြတ်မှုမဖြစ်ပေါ်စေရေး မြော်တွေးလျက် အခြေခံဥပဒေ၏ အခန်း(၁၄)တွင် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခဲ့ကြသည်။ ယင်းအခန်း (၁၄)၏ **ပုဒ်မ ၄၄၂ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ကျင့်သုံးဆောင်ရွက်ရမည်**ဟု အတိအလင်း အာဏာအပ်နှင်းထားသည်။

ထို့ပြင် အခြေခံဥပဒေ**ပုဒ်မ ၄၄၃ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်**ဖြစ်ကြောင်း ဆက်လက်ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်များအရ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်သည့် (၃၁-၁-၂၀၁၁)ရက်နေ့မတိုင်မီတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏အချုပ်အခြာအာဏာသုံးရပ်လုံးကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကပင် အာဏာအပ်နှင်းထားခြင်းဖြစ်သည်။**

ဤသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ (Constitutional Provissions) ဖြစ်၍ ထိုအချိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုခွင့်အာဏာကို ကျင့်သုံးခွင့်ရှိသည်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အငြင်းမပွားနိုင်ပါ။

ဖော်ပြပါအတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အပ်နှင်းသည့် အခွင့်အာဏာအရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် လတ်တလော မရှိမဖြစ်လိုအပ်သည့် ဥပဒေအချို့ကို ၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်သည်။ ယင်းပြဋ္ဌာန်းခဲ့သည့် ဥပဒေများအနက် ဥပဒေအမှတ်(၂/၂၀၁၀)ဖြစ်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည့် ကာလအတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်း၊ ယင်းဥပဒေပုဒ်မ ၂၇ အရ ယခင်ဥပဒေ(နဝတဥပဒေ၄/၈၈)ကို ရုပ်သိမ်းခဲ့ခြင်းတို့မှာ ဥပဒေနှင့်မညီဟု ဆိုနိုင်ပါမည်လော။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခြင်းမဟုတ်၍ (ပြည်ထောင်စုလွှတ်တော်မပေါ်သေး၍) ထိုသို့ ဥပဒေပြဋ္ဌာန်းခွင့်မရှိဟု ပြောနိုင်ပါမည်လော။ အတွေးများ၍ အရေးမှားခြင်းသာ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် **၂၀၁၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေသည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြုခွင့်ရှိသည့် အဖွဲ့အစည်းက ဥပဒေပြုခဲ့ခြင်းသာဖြစ်၍ ထိုဥပဒေသည် တရားဝင်အတည်ဖြစ်သည်မှာ ထင်ရှားသည်။ ဤသို့ဆိုလျှင် ယင်းဥပဒေပုဒ်မ ၂၅ အရ. . . . . ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။. . . . . ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်**ဆိုသော ဥပဒေပြဋ္ဌာန်းချက်အတိုင်း လိုက်နာရန်သာရှိပေသည်။ မလိုက်နာပါက ဥပဒေအရ အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်ကြောင်းကို လက်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ပုဒ်မ ၂၅ အရ လျှောက်ထားခြင်းမရှိကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ပါတီဟောင်း (၅)ခုလုံးကို နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်လိုက်ကြောင်း ယင်းဥပဒေပုဒ်မ ၂၀ အရ ကော်မရှင်က ကြေညာချက်အမှတ်(၉၇/၂၀၁၀)ဖြင့် ဆုံးဖြတ်ကြေညာခဲ့ခြင်းမှာလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်၍လက်ခံရမည်သာဖြစ်ပါသည်။

ကျွန်ုပ်တို့၏ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။ ကျွန်ုပ်တို့ နိုင်ငံသားအားလုံးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေသကဲ့သို့ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးထားပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သည့် တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ဥပဒေအမှတ်(၂/၂၀၁၀) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုသည်ဟု မကြားမိသေးပါ။ ပုဒ်မ ၄၀၉ အရလည်း ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် ဥပဒေအသစ်တစ်ရပ် ထပ်မံပြဋ္ဌာန်းခြင်းမရှိသေးပါ။ ထို့ကြောင့် ယင်းဥပဒေသည် ယနေ့တိုင် အာဏာတည်လျက်ရှိပြီး ယင်းတည်ဆဲဥပဒေအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များသည်လည်း တရားဝင် အတည်ဖြစ်လျက်ရှိပေမည်။

ဤသည်ကိုပင် ဥပဒေအား လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူပြီး ၎င်းတို့အဖွဲ့ချုပ်သည် နဝတဥပဒေအမှတ် (၄/၈၈)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ(ရုပ်သိမ်းပြီးဖြစ်၍ မရှိတော့သည့်ဥပဒေ)အရ ယခင်ကော်မရှင် (ရုပ်သိမ်းပြီးဖြစ်သော ဥပဒေအရ တည်ရှိခဲ့သည့်ကော်မရှင်)တွင် မှတ်ပုံတင်ထားသဖြင့် တရားဝင်ရပ်တည်နေကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၎င်းတို့အဖွဲ့ချုပ်ကို ပါတီမှတ်ပုံတင်ပယ်ဖျက်ခွင့်မရှိကြောင်း တွင်တွင်ငြင်းဆိုနေခြင်းမှာ"ကျားကျား၊ မီးယပ်"ဆိုသကဲ့သို့ ဖြစ်နေပေသည်။

တစ်ဖန် ဖော်ပြပါ ပြည်ထဲရေးဝန်ကြီးထံသို့ ပေးပို့သည့်စာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးဟု ဖော်ပြလက်မှတ်ရေးထိုးလျက် ဒေါ်အောင်ဆန်းစုကြည်က ရေးသားရာ၌ "၎င်းတို့အဖွဲ့ချုပ်သည် တရားဥပဒေစိုးမိုးရေးကို လိုလားသည့်အလျောက် ဥပဒေနှင့်အညီ ဆက်လက်ရပ်တည်နေခြင်းဖြစ်ကြောင်း၊

ထို့ကြောင့် အဖွဲ့ချုပ်ကို ဖျက်သိမ်းခြင်း
ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်
ရုံးချုပ်သို့ လျှောက်ထားခဲ့သော်လည်
၎င်းတို့၏ လျှောက်ထားချက်ကို ပ
သည်မှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိ
ရေးသားထားသည်ကို တွေ့မြင်ရပ
လက်မှတ်ရေးထိုးသူ ဒေါ်အောင်ဆ
ချုပ်ဟုဆိုသည့် NLD ၏ ၁၁-၁၂
အမှုဆောင် အဖွဲ့အစည်းအဝေး ဆုံ
အဖြစ်မှ ထုတ်ပယ်ပြီးသူ ဖြစ်ပါသည
ဥက္ကဋ္ဌ ဦးအောင်ရွှေကိုယ်တိုင်
စာအထောက်အထားများ အခိုင်အ
သည်။ ထို့ကြောင့် သူမသည် NLD
အဖြစ် ဖော်ပြလက်မှတ်ရေးထိုးခွင့်

အင်တာနက်တွင်တွေ့ရသည့်
ရေးသားသော စာ၏ရှေ့ပိုင်းတွင် နိုင
တရားမဝင်ပါဟု ဝေဖန်ပုတ်ခတ်ပြီး
စီရင်ရေးအာဏာကိုလည်း ဥပဒေနှ
ရေးသားပြန်ပါသည်။ ယခင် သူမ၏
သမျှ၊ ဆန့်ကျင်ကြ"ဟု ဆက်လက်
တစ်ချိန်တည်းတွင် တရားဥပဒေစိုးမိုး
မှာလည်း သူမပင်ဖြစ်နေပြန်သည်။

တရားရုံးချုပ်(ယခု ပြည်ထောင်
နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြ
စီရင်ရေးအာဏာကို ကိုင်တွယ်ကျ
အစည်းလည်းဖြစ်ပါသည်။ နိုင်ငံ
အဖွဲ့အစည်းတစ်ရပ်၏ တရားဥပဒေ
လက်မခံနိုင်ဟုဆိုပါလျှင် ၎င်းကဲ့သို
များက နိုင်ငံတော်၏ တရားစီရင်ရေ
နေပါက မင်းမဲ့စရိုက်မျိုးနှင့် ကြုံ
အဘယ်မှာ တရားဥပဒေစိုးမိုးရေး ရှိ
ရင်လေးဖွယ်ရာဖြစ်ပါသည်။

အကယ်၍ ၎င်းတို့ ထင်မြင်ယူ
၂၀၁၀)နိုင်ငံရေးပါတီများမှတ်ပုံတင်ခြ
ဥပဒေနှင့်အညီ ရေးဆွဲထားသောဥပ
ယူဆလျှင်လည်း အခြေခံဥပဒေအ
ပယ်ဖျက်ခွင့် အာဏာရှိသည့် လွှတ်
ရာရမည့်ကိစ္စဖြစ်သည်ဟု ရိုးသားစွာ

မည်သို့ဖြစ်စေ ကျွန်ုပ်တို့၏ နိ
သမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်။
သမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသ
နိုင်ငံသားအားလုံးအတွက် **ဖွဲ့စည်းပုံ**
နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥ
အခွင့်အရေးရရှိစေသကဲ့သို့ ဥပဒေ
တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးထ
the law ဆိုသကဲ့သို့ ဥပဒေ၏အထ
၏ သားသမီးဖြစ်သည်၊ မည်သည့်
စသည်မခွဲခြားဘဲ ဥပဒေအရာတွင်
ဥပဒေကို လေးစားလိုက်နာရာတွင်
ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၄
ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချ
ရန် တာဝန်ရှိသည်ဟု အတိအလ

ယခုကဲ့သို့ အင်တာနက်စာမျက်
ရေးသားချက်များသည် ဖွဲ့စည်းပုံအ
အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေ
ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းကို တရာ
ပြဋ္ဌာန်းခွင့်မရှိကြောင်း၊ ယင်းသို့ ထုတ်
ဥပဒေ(၂/၂၀၁၀)အရ ပြည်ထောင
ဆောင်ရွက်ချက်သည် ဥပဒေအရ လု
ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အ
ဆုံးဖြတ်ချက်အမိန့်ကို လက်မခံနိုင်
ပါရှိနေသဖြင့် ထိုရေးသားချက်မျ
ရောက်စေမည်ကို စိုးကြောက်မိပါသ

"ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့" ဟ
မည်သည့်အဖွဲ့အစည်း၊ မည်သ
ထောင်လွှားလာပါက အမှန်ကိုမမြင်
သည်။ မောဟကြောင့် တွေဝေမိန်းေ
တတ်သည်မှာလည်း လောကနိယာမ
အတွေးများလာပါက . . . ဤသို့လျှ
တတ်ကြောင်း သတိပြုဆင်ခြင်ဖွယ်

ထို့ကြောင့် အဖွဲ့ချုပ်ကို ဖျက်သိမ်းခြင်းမှာ တရားမဝင်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၅(က)၊ (ဇ)တို့အရ တရားရုံးချုပ်သို့ လျှောက်ထားခဲ့သော်လည်း တရားရုံးချုပ်(နေပြည်တော်)မှ ၎င်းတို့၏ လျှောက်ထားချက်ကို ပယ်ခဲ့ကြောင်း၊ ထိုသို့ပယ်လိုက်သည်မှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိ၍ လက်မခံနိုင်ကြောင်း" ဖော်ပြရေးသားထားသည်ကို တွေ့မြင်ရပါသည်။ အမှန်မှာ ယင်းစာကို လက်မှတ်ရေးထိုးသူ ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းတို့ အဖွဲ့ချုပ်ဟုဆိုသည့် NLD ၏ ၁၁-၁၂-၁၉၉၁ ရက်စွဲပါ ဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ NLD အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပြီးသူ ဖြစ်ပါသည်။ ယင်းအချက်ကို NLD ၏ ဥက္ကဋ္ဌ ဦးအောင်ရွှေကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြသည့် စာအထောက်အထားများ အခိုင်အမာရှိကြောင်း လေ့လာသိရှိရပါသည်။ ထို့ကြောင့် သူမသည် NLD ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဖော်ပြလက်မှတ်ရေးထိုးခွင့် ရှိမည်မဟုတ်ပါ။

အင်တာနက်တွင်တွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်တို့ ရေးသားသော စာ၏ရှေ့ပိုင်းတွင် နိုင်ငံတော်၏ ဥပဒေပြုအာဏာကို တရားမဝင်ပါဟု ဝေဖန်ပုတ်ခတ်ပြီး တစ်ဖန် နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကိုလည်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဆန့်ကျင်ရေးသားပြန်ပါသည်။ ယခင် သူမ၏ ဆောင်ပုဒ်အတိုင်း "အာဏာဟူသမျှ ဆန့်ကျင်ကြ"ဟု ဆက်လက်ခံယူကျင့်သုံးနေရော့သလား။ တစ်ချိန်တည်းတွင် တရားဥပဒေစိုးမိုးရေးကို လိုလားပါသည်ဟု ပြောသူမှာလည်း သူမပင်ဖြစ်နေပြန်သည်။ မည်သို့နားလည်ရပါမည်နည်း။

တရားရုံးချုပ်(ယခု ပြည်ထောင်စုတရားလွှတ်တော်ချုပ်)သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည်။ နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရသည့် အမြင့်ဆုံး အဖွဲ့အစည်းလည်းဖြစ်ပါသည်။ နိုင်ငံတော်အမြင့်ဆုံးတရားစီရင်ရေး အဖွဲ့အစည်းတစ်ရပ်၏ တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ချက်ကို လက်မခံနိုင်ဟုဆိုပါလျှင် ၎င်းကဲ့သို့ပင် အများပြည်သူ နိုင်ငံသားများက နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို လက်မခံ ငြင်းဆန်နေပါက မင်းမဲ့စရိုက်မျိုးနှင့် ကြုံတွေ့ရမည်သာ မဟုတ်ပါလော။ အဘယ်မှာ တရားဥပဒေစိုးမိုးရေး ရှိနိုင်ပါဦးမည်နည်း။ စဉ်းစားမိလျှင် ရင်လေးဖွယ်ရာဖြစ်ပါသည်။

အကယ်၍ ၎င်းတို့ ထင်မြင်ယူဆသကဲ့သို့ ဥပဒေအမှတ်(၂/၂၀၁၀)နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲထားသောဥပဒေမဟုတ်ဟု ၎င်းတို့အထင်ဖြင့် ယူဆလျှင်လည်း အခြေခံဥပဒေအရ ဥပဒေပြုခွင့်၊ ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့် အာဏာရှိသည့် လွှတ်တော်များ၌သာ ဆွေးနွေး အဖြေရှာရမည့်ကိစ္စဖြစ်သည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

မည်သို့ဖြစ်စေ ကျွန်ုပ်တို့၏ နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။ ကျွန်ုပ်တို့ နိုင်ငံသားအားလုံးအတွက် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေသကဲ့သို့ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးထားပါသည်။ No body above the law** ဆိုသကဲ့သို့ ဥပဒေ၏အထက်တွင် မည်သူမျှမရှိရပါ။ မည်သူ၏ သားသမီးဖြစ်သည်၊ မည်သည့် အဆင့်အတန်းဖြစ်သည်. . . စသည်မခွဲခြားဘဲ ဥပဒေအရာတွင် တန်းတူအခွင့်အရေးရှိသကဲ့သို့ ဥပဒေကို လေးစားလိုက်နာရာတွင်လည်း တန်းတူပင်ဖြစ်ရပါမည်။ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၄ တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် တာဝန်ရှိသည်**ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။

ယခုကဲ့သို့ အင်တာနက်စာမျက်နှာပါ ဒေါ်အောင်ဆန်းစုကြည်၏ ရေးသားချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဥပဒေပြုအာဏာ ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းကို တရားမဝင်ကြောင်း၊ ဥပဒေထုတ်ပြန်ပြဋ္ဌာန်းခွင့်မရှိကြောင်း၊ ယင်းသို့ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ(၂/၂၀၁၀)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်သည် ဥပဒေအရ လုပ်ပိုင်ခွင့်မရှိသည်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်ကို လက်မခံနိုင်ကြောင်း ဖော်ပြရေးသားချက်များ ပါရှိနေသဖြင့် ထိုရေးသားချက်များကပင် ဥပဒေချိုးဖောက်ရာ ရောက်စေမည်ကို စိုးကြောက်မိပါသည်။

"ဟန်ကိုယ့်ဖို့၊ မာန်သူ့ဖို့" ဟု ရှေးစကားအလာရှိပါသည်။ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မဆို မာန်မာနများ ထောင်လွှားလာပါက အမှန်ကိုမမြင်တော့ဘဲ မောဟဖုံးလွှမ်းတတ်ပါသည်။ မောဟကြောင့် တွေဝေမိန်းမောပြီး အတွေးများ ချာချာလည်တတ်သည်မှာလည်း လောကနိယာမသဘောဖြစ်ပါသည်။ ထိုသို့လျှင် အတွေးများလာပါက . . . ဤသို့လျှင် အရေးအသားလည်း မှားယွင်းတတ်ကြောင်း သတိပြုဆင်ခြင်ဖွယ် တင်ပြလိုက်ရပါသည်။ ။

ဆွေးနွေးပြောကြား

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသန စာတမ်းဖတ်ပွဲ အခမ်းအနားတွင် ဆွေးနွေးပြောကြားစဉ်။

(သတင်းစဉ်)

မန္တလေးနည်းပညာတက္ကသိုလ်၌ နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

ယနေ့ခေတ်ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၊ အီလက်ထရွန်နစ်နည်းပညာရပ်များ၊ သတင်းအချက်အလက်နည်းပညာများ တိုးတက်ပြောင်းလဲမှုသည် ကြီးမားကျယ်ပြန့်ပြီး တစ်ရှိန်ထိုးမြန်ဆန်သွက်လက်နေသဖြင့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူသင့်ကြောင်း၊ မိမိနိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ဇွန် ၂၇ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ကျင်းပသည့် နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနား (The Fourth National Conference on Science and Engineering 2011) တွင် ဆွေးနွေးပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် စာတမ်းတင်သွင်းဖတ်ကြားမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဇီဝနည်းပညာဘွဲ့ရ ပညာရှင်များအား နှစ်စဉ်မွေးထုတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံရရှိစေရန်အတွက်လည်း မိမိတို့ဝန်ကြီးဌာနက ပညာတော်သင်များအား စေလွှတ်ပေးလျက်ရှိကြောင်း၊ တိုးတက်ပြောင်းလဲနေသော နည်းပညာများကို မျက်ခြည်ပြတ်မခံဘဲ အဆင့်မြင့် ခေတ်မီနည်းပညာရပ်များအား အမြဲမပြတ် ဆည်းပူးလေ့လာလျက် နိုင်ငံတော် လုံခြုံရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ သွင်းကုန်အစားထိုး ပစ္စည်းများ ထုတ်လုပ်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်အသုံးချနိုင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစသည့် လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေမည့် သုတေသနလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတွေ့အကြုံ ရင့်ကျက်သော အင်ဂျင်နီယာ ပညာရှင်များက မျိုးဆက်သစ် လူငယ်အင်ဂျင်နီယာများအား လက်တွဲခေါ်ယူပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားကြရန် တိုက်တွန်း ပြောကြားသွားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာတမ်းတင်သွင်းဖတ်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သုတေသနစာတမ်းများ ဖတ်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

မန္တလေးနည်းပညာတက္ကသိုလ်တွင် ကျင်းပသည့် နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိပြီး နည်းပညာတက္ကသိုလ်များမှ မဟာအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ သုတေသန စာတမ်းပေါင်း ၅၃၅ စောင် တင်သွင်းဖတ်ကြားကြသည်။

တင်သွင်းဖတ်ကြား

အလားတူ ရန်ကုန်နည်းပညာတက္ကသိုလ်၌လည်း နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး နည်းပညာတက္ကသိုလ်များမှ မဟာအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူများ၏ သုတေသနစာတမ်းပေါင်း ၂၀၇ စောင် တင်သွင်းဖတ်ကြားခဲ့သည်။ (သတင်းစဉ်)

သဲကုန်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင် သီတဂူသဲကုန်းဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ အမှူးပြုသော သင်ကြား-စီမံနှင့် စာသင်သား သံဃာတော်များအား စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရုံးအဖွဲ့မှူး ဦးကျော်ရှိန် ဖုန်း-၅၈၁၉၉၉၊ သဲကုန်းမြို့နယ်အသင်းမှ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း ဖုန်း-၀၉-၈၆၁၁၈၇၈၊ ဒုတိယဥက္ကဋ္ဌ ဦးချစ်ရင် ဖုန်း-၂၉၁၆၆၈၊ ဦးသန်းလွင် ဖုန်း-၀၉-၅၀၂၀၈၃၅၊ ဘဏ္ဍာရေးမှူး ဦးဇော်ဝင်း ဖုန်း-၅၉၀၃၄၇၊ ၀၉-၇၃၀၂၀၇၇၆၊ စာရင်းစစ် ဦးစိုးမြင့် ဖုန်း-၀၉-၇၃၀၄၁၀၆၈၊ အမှုဆောင် ဒေါ်စုစု ဖုန်း-၂၁၄၉၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၂၀ ၈။ "နင်းကြည့်စမ်းပါ"
- ၈း၂၅ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ အကပဒေသာ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သမိုင်း၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ စိတ်ပညာ၊ ဒဿနိကဗေဒအထူးပြုများ) (သမိုင်း)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၇။ တေးဂီတအစီအစဉ်
- ၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅း၃၀ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာနှလုံးသား (အပိုင်း-၅)"**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နားခိုရာ" (အပိုင်း-၁၁)**
- ၁၉။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၁ ခုနှစ် ဇူလိုင်လ(၃) ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် "မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြင်သသုံးရာသီအလှ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)
- ၂၀။ အစီအစဉ်ပြီး၏။

ပညာဂုဏ်ရောင် အလင်းဆောင်

အလင်းသစ် ကျေးလက်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘော့ဒယ်ပြေကန်ကျေးရွာ အလင်းသစ်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၄ ရက်က ကျင်းပရာ စာကြည့်တိုက်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးဌာနမှူး ဦးတင်ထူး၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်လှပိုပို၊ မြို့နယ် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးရွှေဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စာကြည့်တိုက်ဖွင့်ပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြို့နယ်ပြန်/ဆက် ဦးစီးဌာန၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့က သုတရသစာအုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်းက အလှူငွေကျပ်တစ်သိန်း၊ ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေးက အလှူငွေကျပ်တစ်သိန်း၊ ဦးအောင်ကိုလတ်-ဒေါ်စုစုလှိုင်တို့က အလှူငွေကျပ် ငါးသောင်းတို့ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်

ချောင်းဦး ဇူလိုင် ၃

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦး မြို့နယ် ကုလားကြီးကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးသန်းထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရောင်ခြည်ဦးစာကြည့်တိုက်သို့ အလှူရှင်များဖြစ်ကြသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးသန်းထိုက်- ဒေါ်ခင်ဌေးမိသားစုက ငွေကျပ် ၃၀၀၀၀ ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောလှထွန်း-ဒေါ်တင်တင်ယုမိသားစုက သုတရသစာအုပ် ၁၀၀ ကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်-ဒေါ်အေပရယ်ဝင်း မိသားစုက ဂျာနယ်မျိုးစုံ ၁၀၀ ကို လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးဌေးဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးဖိုးချို တို့က သုတရသစာအုပ်မျိုးစုံ ၅၀ စီ တို့ကိုလည်းကောင်း ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဇူလိုင် ၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇူလိုင် ၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသော အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်း အမှတ်စဉ်(၆/၂၀၁၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ပထမဆုရ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်လဲ့သန္တာဝင်း၊ ဒုတိယဆုရ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်ငြိမ်းအေး၊ တတိယဆုရ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဖြိုးပြည့်ထွန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်က သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အင်္ဂလိပ်စကားပြောနှင့် အရေး၊ အဖတ်သင်တန်းတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရခိုင်ကမ်းရိုးတန်းဒေသတွင် မိုးပိုလာနိုင်

နေပြည်တော် ဇူလိုင် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ချောင်းဆုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၈၃ လက်မနှင့် ရန်ကုန်(ကမ္ဘာအေး) တွင် ၂ ဒသမ ၇၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ရခိုင်ကမ်းရိုးတန်းဒေသတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်းအင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည် စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၂/၉၂) ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်မည်ဖြစ်သည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

မြန်မာအသင်းတိုက်စစ်မှူး မိုင်းအိုက်နိုင် မွန်ဂိုလီးယားဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။

❖ ကမ္ဘာ့ဖလားခြေစစ်ပွဲမှ

ခြေစစ်ပွဲ အောင်မြင်သွားခဲ့သည်။ မြန်မာအသင်းကို ရလဒ်ကောင်း ရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့် နည်းပြချုပ်ဇီမာဒီနိုဗစ်ကို ထုတ်ပယ်ကာ မြန်မာနည်းပြများ ကိုင်တွယ်ခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြပြီးအိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မီလန်ဇီမာဒီနိုဗစ်လက်ထက်က ၃-၅-၂ ကစားကွက်ဖြင့် အံမဝင်ခဲ့သည့် မြန်မာအသင်းကို နည်းပြချုပ်သစ်ဖြစ်သူ ဦးဆန်းဝင်းက မြန်မာအသင်းကစားနေကျ ပုံစံဖြစ်သည့် ၄-၂-၃-၁ ပုံစံဖြင့် ပြောင်းလဲကစားစေခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး မွန်ဂိုလီးယားအသင်းမှာ ဂိုးမပေးရရန် ခံစစ်ကိုအားပြုကစားခဲ့သောကြောင့် မြန်မာတို့ပွဲချိန်ပြည့် ကွင်းတစ်ဝက် ဖိကစားနိုင်ခဲ့သည်။ မြန်မာ ဘောလုံးပရိသတ်များမှာလည်း မြန်မာအသင်း ခြေစစ်ပွဲအောင်မြင်စေရန် ကွင်းလုံးပြည့်နီးပါး တစ်ခဲနက်လာရောက် အားပေးခဲ့ကြသည်။

အသင်းခေါင်းဆောင် ခင်မောင်လွင်နှင့် တိုက်စစ်မှူး ရန်ပိုင်တို့သာ အသစ်ပါလာပြီး ပထမအကျော့ကစားခဲ့သည့် ကစားသမားအများစုဖြင့်ပင် မြန်မာအသင်းပွဲထွက်ခဲ့သည်။ မြန်မာအသင်း တိုက်စစ်မှူးများ ဂိုးပေါက်ပျောက်နေသောကြောင့် ပထမပိုင်းတွင် ဂိုးမရခဲ့သော်လည်း ၆၁ မိနစ်တွင် ပိုင်စိုးက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဂိုးရသွား၍ မြန်မာအသင်း စိတ်ဓာတ်တက်သွားပြီး ဂိုးထပ်ရရန် တိုက်စစ်အားမြှင့်ခဲ့သည်။ ဒုတိယဂိုးကို ၈၇ မိနစ်တွင် မိုင်းအိုက်နိုင်က ထောင့်ဖြတ်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲအဖြစ် ဇူလိုင် ၂၃ ရက်နှင့် ၂၈ ရက်တို့တွင် အိုမန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်လက်ဝှေ့အဖွဲ့ အင်ဒိုနီးရှားသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၃

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် (MBXF) အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည့်(၂၁)ကြိမ်မြောက် အင်ဒိုနီးရှားသမ္မတဖလား ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် လက်ဝှေ့အဖွဲ့ကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**(အောက်ပုံ)**

မြန်မာလက်ဝှေ့အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ နည်းပြချုပ် ဦးတင်မောင်ဖေ၊ ဆေးမှူး ဒေါက်တာရဲတင့်လွင်၊ နည်းစနစ်ဒါရိုက်တာ မစ္စတာမာရီညိုနှင့် အမျိုးသားလက်ဝှေ့သမား ငါးဦး၊ အမျိုးသမီးလက်ဝှေ့မယ် သုံးဦး ပါဝင်သည်။ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဥရောပနှင့် အာရှမှ နိုင်ငံပေါင်း ၄၄ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ကျင်းပ

နေပြည်တော် ဇူလိုင် ၃

၂၀၁၁ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် အမျိုးသား/အမျိုးသမီး စက်ဘီးပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Myanmar International Convention Centre ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီး ၂၅ ကီလိုမီတာ တစ်ဦးချင်းစံချိန်ပြု ဗိုလ်လုပွဲများကို နံနက် ၈ နာရီတွင် M.I.C.C ရှေ့ သတ်မှတ်နေရာမှ စတင်တာလွှတ်၍ ဘောဂသိဒ္ဓိအဝိုင်းကို ဖြတ်ပြီး တောင်ညို-ပျဉ်းမနားကားလမ်းအတိုင်း စီးနင်း၍ ဝဏ္ဏသိဒ္ဓိအဝိုင်းကိုပတ်ကာ M.I.C.C ရှေ့သို့ ပြန်လည်စီးနင်းပန်းဝင်ကြရာ စုစုဝေ (လယ်/ဆည်)က ၃၉ မိနစ် ၃၂ ဒသမ ၀၁ စက္ကန့်ဖြင့် ပထမ၊ လွင်လွင်အေး (Original Group) က ဒုတိယ၊ နော်ထီးမူ(စက်မှု-၁)က တတိယ အသီးသီးရရှိကြသည်။

ထို့နောက် အမျိုးသား ကီလိုမီတာ ၅၀ တစ်ဦးချင်းစံချိန်ပြု ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ M.I.C.C ရှေ့ သတ်မှတ်နေရာမှ အမျိုးသမီးပြိုင်ပွဲလမ်းကြောင်းအတိုင်း နှစ်ခေါက် စီးနင်းကာ M.I.C.C ရှေ့သို့ ပြန်လည်စီးနင်းပန်းဝင်လာကြပြီး ဖြိုးဝေဇင် (လယ်/ဆည်) က ၁ နာရီ ၁၀ မိနစ် ၃၅ ဒသမ ၆၄ စက္ကန့်ဖြင့် ပထမ၊ အောင်ဖြိုးဝေ (Maxxis) က ဒုတိယ၊ မျိုးလွင် (ဘဏ္ဍာ/အခွန်)က တတိယ ရရှိကြသည်။

ဇူလိုင် ၅ ရက် နံနက် ၇ နာရီတွင် အမျိုးသား ကီလိုမီတာ ၁၈၀ နှင့် အမျိုးသမီး ကီလိုမီတာ ၁၂၀ အုပ်စုတစ်ဦးချင်း တာဝေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ကျွမ်းဘားပြိုင်ပွဲကို ဇွန် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံ ကျွမ်းဘားလေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း၊ လူသစ်တန်း၊ သွေးသစ်တန်း၊ မျိုးဆက်သစ်တန်းနှင့် ရင်ခွင်ပိုက်တန်းပြိုင်ပွဲများ ကျင်းပရာတွင် မြေပြင်၊ မြင့်ခုန်ဘား၊ ချိန်ဆဘား စသည့် ပြိုင်ပွဲအမျိုးအစား သုံးမျိုး ကျင်းပပေးပြီး ဆုရရှိကြသူများအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ နာယကအဖွဲ့ဝင် ဒေါ်ဆွေဆွေချစ်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝေလင်းအောင်နှင့် အမှုဆောင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မွေးမြူရေးနှင့် သားငါးကုန်ထုတ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မွေးမြူရေးနှင့် သားငါးကုန်ထုတ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်ဆွေးနွေး မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာ၌ ကျေးလက်ပြည်သူအများစုသည် လယ်ယာလုပ်ကိုင်ရင်း တစ်ဖက်တွင် ဝင်ငွေရ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်နေကြသူများဖြစ်သည့်အားလျော်စွာ စနစ်တကျစီးပွားဖြစ်အောင် တိုးတက်မွေးမြူလာနိုင်ရေး၊ ပေါင်းစည်းလယ်ယာစနစ်ဖြင့် မွေးမြူရေးလုပ်ငန်းကို ပူးတွဲပညာပေးမြှင့်တင်ဆောင်ရွက်ခြင်းဖြင့် လယ်ယာလုပ်ငန်းရော မွေးမြူရေးလုပ်ငန်းပါ ဘက်စုံအကျိုးရှိအောင် ဆောင်ရွက်ရေး၊ ရေချို ရေငန် ငါးလုပ်ငန်း လုပ်ကိုင်သောရွာများ၊ ကြက်၊ ဘဲ၊ ဝက် ၊ နွား

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

အင်တာနက် စွမ်းအင်နည်းပညာသတင်း / ဘာသာပြန် - တက်လူ

လျှပ်စစ်မော်တော်ကား စမ်းသပ်ရေးကွင်း စင်ကာပူ၌ ပထမဆုံးအကြိမ် ဖွင့်လှစ်

စင်ကာပူ ဇူလိုင် ၃

စင်ကာပူနိုင်ငံ၌ လျှပ်စစ်မော်တော်ကား စမ်းသပ်မောင်းနှင်ရေးကွင်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

လျှပ်စစ်မော်တော်ကား စမ်းသပ်မောင်းနှင်ရေးကွင်းကို ဖွင့်လှစ်ရခြင်းမှာ လျှပ်စစ်မော်တော်ကားအမျိုးမျိုးကို စမ်းသပ်မောင်းနှင်ကာ ယင်းမော်တော်ကားဆိုင်ရာ နည်းပညာသစ်ကို လက်တွေ့သုတေသနပြုလေ့လာနိုင်ရန်ဖြစ်ကြောင်း စွမ်းအင်ဈေးကွက်အာဏာပိုင်အဖွဲ့က ပြောကြားသည်။ အီးဗွီကား (Electric Vehicle) ဟု ခေါ်တွင်သော လျှပ်စစ်မော်တော်ကားများအား စမ်းသပ်မောင်းနှင်သည့်လုပ်ငန်းကို အဆိုပါအဖွဲ့နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့တို့က

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

စင်ကာပူ၌ စမ်းသပ်မောင်းနှင်မည့် လျှပ်စစ်မော်တော်ကား တစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလားခြေစစ်ပွဲ ဒုတိယအဆင့်သို့ တက်ရောက်သွားသည့် မြန်မာအသင်း

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

ရန်ကုန် ဇူလိုင် ၃

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဇုန် ပထမအဆင့်ခြေစစ်ပွဲ ဒုတိယအကျော့အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် မွန်ဂိုလီးယားအသင်းတို့ ယနေ့ ညနေ ၃ နာရီခွဲက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက နှစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နောက်တစ်ဆင့်သို့တက်ရောက်သွားသည်။

မြန်မာ့လက်ရွေးစင်-နှစ်ဂိုး
(ပိုင်စိုးနှင့် မိုင်းအိုက်နိုင်)
မွန်ဂိုလီးယားလက်ရွေးစင်-ဂိုးမရှိ

မြန်မာအသင်းမှာ အိမ်ကွင်းတွင် မွန်ဂိုလီးယားကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ယူပြီး နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် ကမ္ဘာ့ဖလား အာရှဇုန် ပထမအဆင့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖